ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၄၀၀ကျပ် K 400

# " Valvoline အမှတ်တံဆိပ် Lubricant(အင်ဂျင်ဝိုင်)များ ရောင်းချပေးရန်အတွက် ယုံကြည်စွာအပ်နှံခြင်းဆိုင်ရာ နှစ်ဖက်သဘောတူစာချုပ် "

**စာချုပ်အမှတ် - DLD-PO-2023 / 10 / 017**

ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လ၊ ( ၁၉ )ရက်၊

................................... မြို့နယ်၊

ပထမတစ်ဖက် ၊ ၊ People Origin Co., Ltd. (UMG Group of Companies) (ကိုယ်စား)
ဒေါ်စိမ့်စိမ့်သူ (၁၄/ဓနဖ(နိုင်)၁၃၃၆၂၆)
အမှတ်(၁၉၄၇/ဘီ)၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်-ပုသိမ်လမ်းမကြီး၊
လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊

နှင့်

ဒုတိယတစ်ဖက် ၊ ၊ ဦးအောင်နိုင်ဦး(၁၂/အလန(နိုင်)၀၃၉၅၄၃)
Power One (PCMO Workshop)
အမှတ်(၂၅)၊ အုတ်ကျင်းဘုတာရုံလမ်း၊ (၁၆)ရပ်ကွက်၊
လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၇၆၅၃၈၇၅၈၈၊ ၀၉-၇၈၅၀၆၁၀၅၂၊

(အထက်အမည်ပါ (ပထမတစ်ဖက်) People Origin Co., Ltd (UMG Group of Companies)ဟုဆိုရာတွင် ကုမ္ပဏီနှင့်တကွ ဒါရိုက်တာအဖွဲ့ဝင်များ၊ ဒါရိုက်တာအဖွဲ့၏အစည်းအဝေးဆုံးဖြတ်ချက်အရ တာဝန်ပေးအပ်ခြင်းခံရသူများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများ အကျုံးဝင်ကြောင်းနှင့် (ဒုတိယတစ်ဖက်) ဦးအောင်နိုင်ဦး၊ Power One (PCMO Workshop)ဟုဆိုရာတွင် ၎င်းကိုယ်တိုင်နှင့်တကွ ၎င်း၏ အမွေစားအမွေခံများ၊ ကိုယ်စားလှယ်များ၊ လွှဲအပ်ခြင်းခံရသူများပါ အကျုံးဝင်ကြောင်း နားလည်သဘောပေါက်ကြပါသည်၊)

၁၊ (ဒုတိယတစ်ဖက်) ဦးအောင်နိုင်ဦးသည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘုတာရုံလမ်း၊ အမှတ်(၂၅)တွင် Power One (PCMO Workshop)ကို လုပ်ကိုင်ဆောင်ရွက်နေသူဖြစ်ကြောင်း သိရှိရပြီး၊ (ဒုတိယတစ်ဖက်) ဦးအောင်နိုင်ဦးသည် (ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies)မှ ရောင်းချသော Valvoline Lubricant (PCMO-Passenger Car Motor Oil) များကို ကိုယ်စားလှယ်အဖြစ် မိမိထံ အပ်နှံရောင်းချစေလိုကြောင်း၊ အဆိုပါ Valvoline Lubricant များကို မိမိမှ ရောင်းချပြီးနောက် ရောင်းကြေးငွေများကို သတ်မှတ်ထားသောရက်တွင် ပထမတစ်ဖက်သို့ အပြေအကြေပေးသွင်းမည်ဖြစ်ကြောင်း ယုံကြည်အောင် ပြောဆိုကမ်းလှမ်းလာသည်ကို (ပထမတစ်ဖက်) People Origin Co., Ltd. (UMG Group of Companies) မှလည်း ယုံကြည်၍ (ဒုတိယတစ်ဖက်) ဦးအောင်နိုင်ဦး၏ ကမ်းလှမ်းချက်ကို သဘောတူလက်ခံပါသည်၊

၂၊ People Origin Co., Ltd. (UMG Group of Companies)သည် ဦးအောင်နိုင်ဦး၏ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ အုတ်ကျင်းဘုတာရုံလမ်း၊ အမှတ်(၂၅)ရှိ Power One (PCMO Workshop)တွင် Valvoline Lubricant များကို ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်၊

၃၊ ဦးအောင်နိုင်ဦးသည် People Origin Co., Ltd. (UMG Group of Companies)ထံမှ Valvoline Lubricant များကို တစ်လလျှင် အနည်းဆုံးလီတာ (PMCO) လီတာ(၃၀၀) ပုံမှန်ရောင်းချပေးမည်ဖြစ်ပါသည်၊ လုပ်ငန်းကာလ (တစ်)နှစ်အတွင်း ဦးအောင်နိုင်ဦးမှ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့်စံချိန် အင်ဂျင်ဝိုင် (၃,၆၀၀)လီတာ ပြည့်မီအောင် ရောင်းချနိုင်ပါက Additional (၂)ရာခိုင်နှုန်းဖြင့် အကျိုးခံစားခွင့်ရရှိမည်ဖြစ်ပါသည်၊

စာမျက်နှာ - ၂ - သို့

CamScanner

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
REPUBLIC OF THE UNION OF MYANMAR
အခွန်တံဆိပ်ခေါင်း
REVENUE STAMP
၁၀၀ကျပ် ငွေတစ်ရာကျပ် K 100



၄။ ဦးအောင်နိုင်ဦးသည် People Origin Co., Ltd. (UMG Group of Companies)ထံမှ မိမိမှာယူထားသော Valvoline Lubricant များကို အရောင်းဘောင်ချာဖွင့်သည့်နေ့မှစ၍ ရက်(၃၀)ပြည့်မြောက်သည့်နေ့တွင် အင်ဂျင်ဝိုင် အရောင်းတန်ဖိုးငွေများကို ကုမ္ပဏီသို့ မပျက်မကွက်တစ်လုံးတစ်ခဲတည်း၊ တပြည့်တဝအပြေအကြေပေးချေမည် ဖြစ်ပါသည်။ ဦးအောင်နိုင်ဦးမှ ပထမမှာယူထားသော အင်ဂျင်ဝိုင်များ၏ တန်ဖိုးငွေများကို People Origin Co., Ltd. (UMG Group of Companies)သို့ အပြေအကြေပေးချေပြီးမှသာ နောက်ထပ်အင်ဂျင်ဝိုင်များကို မှာယူရောင်းချရန် နှစ်ဖက်သဘောတူညီကြပါသည်။

၅။ People Origin Co., Ltd (UMG Group of Companies)သည် ဦးအောင်နိုင်ဦး မှာယူထားသော Valvoline Lubricant များကို ဦးအောင်နိုင်ဦး၊ Power One (PCMO Workshop)သို့ အရောက်ပို့ဆောင်ပေးမည် ဖြစ်ပါသည်။

၆။ အဆိုပါအင်ဂျင်ဝိုင်များကို ဦးအောင်နိုင်ဦးမှ စစ်ဆေးလက်ခံရယူပြီးနောက် အဆိုပါ Valvoline Lubricant များကို ပျက်စီးယိုယွင်းခြင်းကြောင့်သော်လည်းကောင်း၊ အခြားအကြောင်းတစ်စုံတစ်ရာကြောင့်သော်လည်းကောင်း၊ မည်သည့်အကြောင်းပြချက်နှင့်မျှ အဆိုပါအင်ဂျင်ဝိုင်များကို ပြန်၍လဲလှယ်ပေးရန် People Origin Co., Ltd. (UMG Group of Companies)သို့ တောင်းဆိုမည်မဟုတ်ကြောင်း ဦးအောင်နိုင်ဦးမှ ဝန်ခံကတိပြုပါသည်။

၇။ People Original Co., Ltd. မှ ဦးအောင်နိုင်ဦး၊ Power One (PCMO Workshop)အတွက် မေတ္တာလက်ဆောင်အဖြစ် Valvoline T-Shirt (200)Pcs အား ပေးပါမည်။

၈။ ဦးအောင်နိုင်ဦးသည် Valvoline Lubricant များကို နှစ်ဖက်သဘောတူသတ်မှတ်ထားသည် လှိုင်မြို့နယ်တွင်သာ ကုမ္ပဏီမှ သတ်မှတ်ထားသော ဖုတ်ဲ့စာရင်းတွင် ပါရှိသည့်ဈေးနှုန်းအတိုင်း ဖြန့်ဖြူးရောင်းချပေးမည်ဖြစ်ပါသည်။

ဖကယ်၍ ဦးအောင်နိုင်ဦးမှ နှစ်ဖက်သဘောတူသတ်မှတ်ထားသည့် လှိုင်မြို့နယ်အပြင် အခြားမြို့နယ်များသို့ Valvoline Lubricant များကို ရောင်းချခဲ့ပါက ဖြစ်ပေါ်လာသော People Origin Co., Ltd. (UMG Group of Companies)၏ နစ်နာမှုအဝဝကို ဦးအောင်နိုင်ဦးမှ တာဝန်ယူပေးလျော်ရမည်။

၉။ Valvoline Lubricant များ ရောင်းချခြင်းနှင့်ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက မှန်ကန်မှုတမှုကိုအခြေခံ၍ နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ကြရမည်။ အကယ်၍ ပြေလည်မှုမရရှိခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဖြေရှင်းဆောင်ရွက်ကြရန် နှစ်ဖက်သဘောတူညီကြပါသည်။

၁၀။ Valvoline Lubricant များကို ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ်ကာလသည် (၁၉ - ၉ - ၂၀၂၃ )ရက်နေ့မှ (၁၈ - ၉ - ၂၀၂၄ )ရက်နေ့အထိ (တစ်)နှစ်တိတိ ဖြစ်ပါသည်။

၁၁။ အကယ်၍ ( ၁ )နှစ်ပြည့်မြောက်ပြီးနောက် Valvoline Lubricant များကို ဆက်လက်ရောင်းချလိုပါက ဦးအောင်နိုင်ဦးမှ People Origin Co., Ltd (UMG Group of Companies)သို့ စာချုပ်သက်တမ်းမပြည့်မီ (တစ်လ) ကြိုတင်၍ စာဖြင့် အကြောင်းကြားပေးမည်ဖြစ်ပါသည်။

ကုမ္ပဏီမှ သဘောတူညီပါက သီးခြား Valvoline Lubricant အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်ဖြစ်ပြီး၊ ကုမ္ပဏီမှ သဘောတူညီမှုမရှိပါက ကိုယ်စားလှယ်အဖြစ် ဖြန့်ဖြူးရောင်းချရန် နှစ်ဖက်သဘောတူသတ်မှတ်ကာလပြည့်မြောက်သည့်နေ့တွင် စာရင်းဇယားနှင့် ငွေကြေးကိစ္စရပ်များ အပြီးအပြတ်ရှင်းလင်းဖြေရှင်းပြီးမှသာ အရောင်းကိုယ်စားလှယ်အဖြစ်မှ ကုန်ဆုံးရပ်စဲပြီဖြစ်ကြောင်း သိရှိသဘောတူပါသည်။

စာမျက်နှာ - ၃ - သို့






၁၂။ တရောင်းကိုယ်စားလှယ်အဖြစ် သက်တမ်းကုန်ဆုံးသည့်နေ့တွင် ဦးအောင်နိုင်ဦး ဝယ်ယူထားသော Valvoline Lubricant များ၏စာရင်းကို နှစ်ဖက်စစ်ဆေးတတည်ပြုပြီး၊ အဆိုပါစာရင်းတွင် ပါရှိသည့် Valvoline Lubricant တန်ဖိုးငွေများကို (၃၀)ရက်အတွင်း ဦးအောင်နိုင်ဦးမှ ကုမ္ပဏီသို့ မပျက်မကွက် တစ်လုံးတစ်ခဲတည်း အပြေအကြေ ပေးသွင်းပါမည်ဟု ဝန်ခံကတိပြုပါသည်၊

၁၃။ ဤစာချုပ်ပါစကားရပ်များကို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းနှင့် စာချုပ်ဖျက်သိမ်းခြင်းတို့ကို နှစ်ဖက်သဘော တူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်၊

အထက်ပါစကားရပ်များကို ပထမတစ်ဖက် People Origin Co., Ltd (UMG Group of Companies)နှင့် ဒုတိယတစ်ဖက် ဦးအောင်နိုင်ဦး၊ Power One (PCMO Workshop)တို့သည် သေချာစွာ ဖတ်ရှုသိရှိ နားလည် သဘောပေါက်ကြပြီး၊ မိမိတို့၏ လွတ်လပ်သော ပင်ကိုယ်စိတ်ဆန္ဒများအရ သဘောတူညီကြသဖြင့် အောက်ပါ အသိသက်သေများတို့ရှေ့မှောက်တွင် ဤစာချုပ်ကို လက်မှတ်ရေးထိုးချုပ်ဆိုကြပါသည်၊

| ပထမတစ်ဖက် | ဒုတိယတစ်ဖက် |
|---|---|
| (signature) | (signature) |
| People Origin Co., Ltd. (UMG Group of Companies) (ကိုယ်စား) ဒေါ်စိမ့်စိမ့်သူ (၁၄/ဓနဖ(နိုင်)၁၃၃၆၂၆) | ဦးအောင်နိုင်ဦး(၁၂/အလန(နိုင်)၀၃၉၅၄၃) Power One (PCMO Workshop) |

**အသိသက်သေများ**

| | | | |
|---|---|---|---|
| လက်မှတ် | (signature) | လက်မှတ် | (signature) |
| အမည် | ဇေယျာမောင် | အမည် | အောင်နိုင်ဦး |
| မှတ်ပုံတင် | ၁၂/ဒဂတ(နိုင်)၀၇၄၃၄၂ | မှတ်ပုံတင် | ၁၂/အလန(နိုင်) 039543 |
| နေရပ် | မ၄၈ A5 ၊မြစ်ပယ်၊ ၂၄၇ ရပ်ကွက် ဒဂုံမြို့သစ် တောင်ပိုင်း၊ | နေရပ် | [illegible] |

people origin

Valvoline.

ရက်စွဲ ။ ။ ၂၀၂၄ ခုနှစ်၊ အောက်တိုဘာ လ ၊ (၃၀) ရက်။

သို့

လေးစားရပါသော Power One Workshop မှ တာဝန်ရှိလူကြီးမင်းရှင်

အကြောင်းအရာ။ ။လူကြီးမင်း၏ ဆိုင်အား ( ၂၀၂၃-၂၀၂၄ ) စာချုပ်ပါ အတိုင်း sale liter ပြည့်မှီအောင် ရောင်းချနိုင်သောကြောင့် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် Additional bonus ပေးအပ်ခြင်း။

ပထမတစ်ဖက် ။ ။ ကျွန်ုပ်တို့ People Origin Co.,Ltd. မှ ဖြန့်ဖြူးရောင်းချလျက်ရှိသော Valvoline Engine Oil များကို ( ၂၀၂၃-၂၀၂၄ ) စာချုပ်ပါ liter အတိုင်း လစဉ်ပြည့်မှီအောင် ဝယ်ယူ ရောင်းချ ပေးသောကြောင့် ကျေးဇူးတုံ့ပြန်သည့်အနေဖြင့် ငွေကျပ် ( 1,505,641/- ) အား ချီးမြှင့်လိုက်ပါသည်။

ဒုတိယတစ်ဖက် ။ ။ People Origin Co.,Ltd မှပေးအပ်ချီးမြှင့်သော Additional Bonus ငွေကျပ် ( 1,505,641/- ) အား လက်ခံရရှိပါသည်။

30.10.2024

BU Department Head - Min Thu
NRC - 12/Ahsana(N) 218599
PH.No - 09.770732314

Received Name- Aung Thuya Oo
NRC - 12/Ahlana(N) [illegible]
PH.No - 09 5165 794



CamScanner




CamScanner